ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ရခိုင်ပြည်နယ်လွှတ်တော်

# ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်
# ရခိုင်ပြည်နယ်၏
# နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ရခိုင်ပြည်နယ်လွှတ်တော်
# ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်၏
# နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ

( ၂၀၁၆ ခုနှစ်၊ ရခိုင်ပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၄ ။ )

၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက်

(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်)

ရခိုင်ပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)
## အမည်နှင့်အကျိုးသက်ရောက်သည့်ကာလ

၁။ (က) ဤဥပဒေကို ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေဟု ခေါ်တွင်စေရမည်၊

(ခ) ဤဥပဒေသည် ၂၀၁၆ - ၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အကျိုးသက်ရောက်စေရမည်။

## အခန်း(၂)
## နောက်ထပ်အသုံးစရိတ်များကို ခွင့်ပြုလျာထားပေးခြင်းနှင့် စီမံခန့်ခွဲခြင်း

၂။ (က) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့်စည်ပင်သာယာရေးအဖွဲ့များ၊ ပြည်နယ်အဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့်စပ်လျဉ်း၍ ဇယား(၁)၊(၂)၊(၃)တို့တွင် ခွင့်ပြုထားသော သုံးငွေတို့အတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိနှင့်ယှဉ်တွဲ ဖော်ပြထားသော သက်ဆိုင်ရာသုံးငွေများကို သုံးစွဲနိုင်သည်၊

(ခ) ပုဒ်မခွဲ(က)တွင်ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းသည်၂၀၁၆ ခုနှစ်၊ ရခိုင်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ သို့မဟုတ် ၂၀၁၆ ခုနှစ်၊ ရခိုင်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကိုပြင်ဆင်သည့် ဥပဒေအရ ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်း အပြင် နောက်ထပ် သုံးစွဲခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

၃။ (က) ပုဒ်မ ၂ ပါတာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား တာဝန်ပေးအပ်သည့်သုံးငွေကို စီမံခန့်ခွဲရန် မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ် အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်၊

(ခ) သုံးငွေကို စီမံခန့်ခွဲရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ၊ ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊ ၂၀၁၆ ခုနှစ်၊ ရခိုင်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ၊ ၂၀၁၆ ခုနှစ်၊ ရခိုင်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊နည်းဥပဒေများ၊စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ညီပု
ဝန်ကြီးချုပ်
ရခိုင်ပြည်နယ်အစိုးရအဖွဲ့

# ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်

ဇယား(၁)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၆ ခုနှစ်၊ ရခိုင်ပြည်နယ်၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုစုပေါင်း |
| | | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | | |
| ၁ | ၂ | | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | ၁ | | **အစိုးရအဖွဲ့** | **ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ** | **၉၁၉.၈၃၀** | | | **၇၇၇၀.၄၄၆** | | | | **၈၆၉၀.၂၇၆** |
| ၂ | ၂ | | **လွှတ်တော်** | **ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ** | **-** | | | **၁၁၄.၉၉၃** | | | | **၁၁၄.၉၉၃** |
| | | | **ပေါင်း** | | **၉၁၉.၈၃၀** | | | **၇၈၈၅.၄၃၉** | | | | **၈၈၀၅.၂၆၉** |

၄

## ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၂)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၆ ခုနှစ်၊ ရခိုင်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေနှင့် ၂၀၁၆ ခုနှစ်၊ ရခိုင်ပြည်နယ်၏ဘဏ္ဍာငွေအရ | | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုစုပေါင်း |
| | | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | | |
| ၁ | ၂ | | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| **၁** | **၁** | | **ပြည်ထဲရေးဝန်ကြီးဌာန** | **ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ** | **၆၂၀.၀၀၅** | | | **၇၆၆.၉၈၅** | | | | **၁၃၈၆.၉၉၀** |
| | | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | ၆၂၀.၀၀၅ | | | ၇၆၆.၉၈၅ | | | | ၁၃၈၆.၉၉၀ |
| **၂** | **၂** | | **စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** | **၎င်း** | **၁၁၂.၀၈၈** | | | **၈၀.၇၄၅** | | | | **၁၉၂.၈၃၃** |
| | | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | - | | | ၈၀.၇၄၅ | | | | ၈၀.၇၄၅ |
| | | ၂ | ငါးလုပ်ငန်းဦးစီးဌာန | | ၁၀၃.၅၈၈ | | | - | | | | ၁၀၃.၅၈၈ |
| | | ၃ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | ၈.၅၀၀ | | | - | | | | ၈.၅၀၀ |
| **၃** | **၆** | | **စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန** | **၎င်း** | **၁၄.၀၀၀** | | | **၂.၄၈၂** | | | | **၁၆.၄၈၂** |
| | | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၁၄.၀၀၀ | | | - | | | | ၁၄.၀၀၀ |
| | | ၂ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | - | | | ၂.၄၈၂ | | | | ၂.၄၈၂ |
| **၄** | **၅** | | **ဆောက်လုပ်ရေး** | **၎င်း** | **၁၂.၅၃၀** | | | **၂၁၀.၀၀၀** | | | | **၂၂၂.၅၃၀** |
| | | ၁ | ၁။မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | ၁၂.၅၃၀ | | | ၂၁၀.၀၀၀ | | | | ၂၂၂.၅၃၀ |
| **၅** | **၁၂** | | **စည်ပင်သာယာရေးအဖွဲ့များ** | **၎င်း** | **၅၄.၇၉၉** | | | **၁၆၈.၇၀၉** | | | | **၂၂၃.၅၀၈** |
| | | | **ပေါင်း** | | **၈၁၃.၄၂၂** | | | **၁၂၂၈.၉၂၁** | | | | **၂၀၄၂.၃၄၃** |

## ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၃)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၆ ခုနှစ်၊ ရခိုင်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေနှင့် ၂၀၁၆ ခုနှစ်၊ ရခိုင်ပြည်နယ်၏ဘဏ္ဍာငွေအရ | | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုစုပေါင်း |
| | | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | | |
| ၁ | ၂ | | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| **၁** | **၁** | | **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန** | **ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ** | - | | | ၈၂၆.၂၆၀ | | | | ၈၂၆.၂၆၀ |
| | | ၁ | လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | | - | | | ၈၂၆.၂၆၀ | | | | ၈၂၆.၂၆၀ |
| | | | **ပေါင်း** | | - | | | **၈၂၆.၂၆၀** | | | | **၈၂၆.၂၆၀** |